# မူဝါဒပေါ်လစီ KI - ကျောင်းများသို့ လာရောက်လည်ပတ်သူများ

မိဘများနှင့် အခြားသော ခရိုင်ဒေသ၏ နိုင်ငံသားများအား ကျောင်းများ၏ လုပ်ငန်းဆောင်ရွက်မှုကို လေ့လာမှုပြုရန် အချိန်မရွေး စာသင်ခန်းများသို့ လာရောက်လည်ပတ်နိုင်ကြောင်း ဘုတ်အဖွဲ့မှ အားပေးတိုက်တွန်းထားသည်။ ဘုတ်အဖွဲ့မှ ယုံကြည်သည်မှာ ကျောင်းများ အမှန်တကယ်တွင် မည်သည့်အရာများအား ဆောင်ရွက်လျက်ရှိကြောင်း လေ့လာရန် အများပြည်သူလူထုအတွက် ဤသည်ထက် ပိုမိုကောင်းမွန်သော နည်းလမ်းမရှိကြောင်း ယုံကြည်ထားသည်။

မှားယွင်းသော ရည်ရွယ်ချက်ဖြင့် အဆောက်အဦးများအတွင်းသို့ မည်သည့် ခွင့်ပြုချက်မရှိသော ပုဂ္ဂိုလ်ကိုမျှ ဝင်ရောက်ခွင့်မပြုကြောင်း သေချာစေရန်အတွက် အားလုံးသော ကျောင်းသို့ လာရောက်လည်ပတ်သူများသည် အဆောက်အဦးအတွင်း တစ်နေရာသို့ ဝင်ရောက်လည်ပတ်ခြင်းမပြုမီ ဝင်ရောက်ချိန်တွင် ခွင့်ပြုချက်ရရှိရန်အတွက် ကျောင်းရုံးခန်းသို့ အစီရင်ခံရပေမည်။ ကျောင်းစာသင်ခန်း သို့မဟုတ် စုဝေးဆွေးနွေးမှုပြုသည့်အစီအစဉ်သို့ မိဘများအား ဖိတ်ကြားသည့်အခြေအနေတွင်မူ ဤအခြင်းအရာသည် သက်ရောက်မှု မရှိပေ။

ကျောင်းမြေပြင်ပေါ်တွင်၊ ကျောင်းကားများ သယ်ယူပို့ဆောင်မှုပြုသည့် ကျောင်းသားများထံတွင် သို့မဟုတ် ကျောင်းမြေပြင်၏ ပေ ၁၀၀၀ ပါရီမီတာဝန်းကျင်အတွင်းတွင် မည်သည့် ထိန်းချုပ်မှုပြုနိုင်သော ဆေးဝါးပစ္စည်းများကိုမဆို အသုံးပြုခြင်း၊ ရောင်းချခြင်း သို့မဟုတ် ဖြန့်ဝေခြင်းအားဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေအား ချိုးဖောက်သည့် ပုဂ္ဂိုလ်များထံသို့ သင့်တော်ရာ အပြုအမူဖြင့် ခရိုင်ဒေသမှ အကြောင်းကြားပေမည်။

C.R.s. 18-9-112 အရ သတ်မှတ်ထားသည်နှင့်အညီ ယောင်ပေပေလုပ်ခြင်းအား တားမြစ်ထားပေမည်။

လက်ရှိ ကျင့်သုံးမှုကုဒ် ၁၉၉၃
မွေးစားကျင့်သုံးမှု - ဧပြီလ၊ ၁၉၉၄
ပြန်လည်စစ်ဆေးမှု - ဖွန်လ ၂၀ ရက်၊ ၂၀၀၂

ဥပဒေကိုးကားချက်များ- C.R.S. 18-9-112, ပြင်ဆင်ထားသည့်အတိုင်း
C.R.S. 18-12-105.5
C.R.S. 18-18-408 (2)

အပြန်အလှန်ကိုးကားချက်များ- KFA, ကျောင်းပိုင်ဆိုင်မှုပေါ်တွင် အများပြည်သူလူထု အပြုအမူ